**Karenni Nationalities Defence Force**

**ကရင်နီအမျိုးသားများကာကွယ်ရေးတပ်**

# တိုက်ပွဲသတင်းထုတ်ပြန်ချက်

နေ့စွဲ။ ။၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၂၆)ရက်နေ့။

ယနေ့ အောက်တိုဘာလ (၂၆) ညနေ (၁၆း၀၀) နာရီ ဒီးမော့ဆိုမြို့နယ် ထွီလွီးဘီလာကျေးရွာနှင့် ငွေတောင်ရွာသစ်ကျေးရွာအကြားတွင် အကြမ်းဖက်စစ်ကောင်စီတပ်များနှင့် ကရင်နီတပ်မတော် (KA)၊ KNDF တပ်တို့ ထိတွေ့တိုက်ပွဲ နှစ်နာရီခွဲနီးပါးဖြစ်ပွားခဲ့ပါသည်ရှိသည်။ အကြမ်းဖက်စစ်ကောင်စီတပ်များသည် ဒီးမော့ဆိုနှင့် ဖရူဆိုမြို့နယ်တို့ မှ စစ်ကြောင်းများဖြင့် တိုက်ပွဲဖြစ်ပွားရာနေရာသို့ ထိုးစစ်ဆင်လာခြင်းဖြစ်သည်။

ထိုတိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်ဖက်မှ (၁၀) ဦး ထက်မနည်း သေဆုံးခဲ့ပြီး စစ်ကားနှစ်စီး ပျက်စီးခဲ့ပါသည်။ မိမိတို့ဘက်မှ တစုံတရာ ထိခိုက်မှု မရှိခဲ့ပါ။ အကြမ်းဖက်စစ်ကောင်စီတပ်များက ဒီးမော့ဆိုသဲတောင်နှင့်ခြေရာတော်ဘုရား အနီးတဝိုက်တွင် တပ်စွဲလျက်ရှိပြီး လက်နက်ကြီးလက်နက်ငယ်များဖြင့် လူနေရပ်ကွက်များသို့ ရမ်းသမ်းပစ်ခတ်ခဲ့ပါသည်။ ယနေ့ညနေပိုင်းတွင် တိုက်ပွဲဖြစ်ပွားရာ ဒီးမော့ဆိုမြို့ကောင်းကင်၌ အကြမ်းဖက်စစ်ကောင်စီတပ်၏ စစ်သုံးလေယာဥ် ပျံဝဲခဲ့ပါသည်။

အကြမ်းဖက်စစ်ကောင်စီတပ်များသည် ဖယ်ခုံ၊ မိုးဗြဲ၊ ဒီးမော့ဆိုနှင့် ဖရူဆိုမြို့နယ်တို့၌ စစ်ဆင်ရေးများပြုလုပ်လျက်ရှိပြီး ယခုရက်ပိုင်း မိုးဗြဲနှင့် ဒီးမော့ဆိုတို့တွင် တိုက်ပွဲများ ဆက်တိုက် ဖြစ်ပွားလျက်ရှိပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈၊ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။